# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန

ပြောရေးဆိုခွင့်ရှိသူရုံး
ချက်ခြင်းထုတ်ပြန်ရန်

မီဒီယာမှတ်ချက်

ဇန်နဝါရီ ၁၄၊ ၂၀၁၆

လက်ထောက်နိုင်ငံခြားရေးဝန်ကြီး တွမ် မယ်လင်နောစကီး၏ မြန်မာ နှင့် ဟာဝိုင်အီ ခရီးစဉ်

ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး တွမ်မယ်လင်နောစကီးသည် မြန်မာနိုင်ငံနှင့် ဟာဝိုင်အီ ရှိ အမေရိကန်ပြည်ထောင်စု ပစိဖိတ်စစ်ဌာနချုပ်သို့ ဇန်နဝါရီ ၁၇ မှ ၂၁ အထိ ခရီးထွက်မည်ဖြစ်ပါသည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီးတွမ်မယ်လင်နောစကီးသည် မြန်မာနိုင်ငံတွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အင်တိုနီဘလင်ကင်နှင့် မြန်မာအစိုးရအဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များ၏အစည်းအဝေးပွဲများ၌ ပါ ဝင်တက်ရောက်မည်ဖြစ်ပြီး ဆက်လက်ဖြစ်ပေါ်နေသောဒီမိုကရက်တစ်အသွင်ကူးပြောင်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ရခိုင်ပြည်နယ်အခြေအနေများအပါအဝင် လူ့အခွင့်အရေးနှင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များနှင့် အခြားသောအကြောင်းအရာများကို အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် ရန်ကုန်သို့ ခရီးဆက်မည်ဖြစ်ပါသည်။ ယင်းအပြင် မြန်မာနိုင်ငံအတွင်းရှိ အမျိုးသားရေးလက္ခဏာ၊ သည်းခံခြင်းနှင့် နိုင်ငံရေးအသွင်ကူးပြောင်းခြင်း စသည့်အကြောင်းအရာများကို မြန်မာစွန့်ဦးတီထွင်စီးပွားရေးစွမ်းဆောင်ရှင်များ၊ စာနယ်ဇင်းသမားများ၊ ကျောင်းသားများနှင့် ဆွေးနွေးပွဲတစ်ခု မြန်မာနိုင်ငံတွင် ဦးဆောင်ကျင်းပသွားမည်ဖြစ်ပါသည်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီးတွမ်မယ်လင်နောစကီးသည် ပစိဖိတ်စစ်ဌာနချုပ်ရေတပ်ဗိုလ်ချုပ်ကြီးဟယ်ရီဟယ်ရစ် အပါအဝင် ပစိဖိတ်စစ်ဌာနချုပ်မှ အဆင့်မြင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ အာရှပစိဖိတ်ဒေသအတွင်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကိစ္စရပ်များတွင် အမေရိကန်စစ်တပ်၏ ပါဝင်ပတ်သက်နေသည့် အခန်းကဏ္ဍများကို ဆွေးနွေးသွားမည်ဖြစ်ပါသည်။

ပိုမို၍သိရှိလိုပါက DRL-Press@state.gov သို့ဆက်သွယ်နိုင်ပြီး လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ တွစ်တာ၊ ဖေ့စ်ဘွတ် နှင့် အင်စတာဂရမ် Twitter Facebook Instagram များကိုလည်း Follow လုပ်ထားနိုင်ပါသည်။